# ထူးဆန်းသောအဆောက်အအုံများ.

စာရေးသူ.....သက်တန့်ချို (၂၉.၃.၁၀)

## Mont Saint Michel

Mont Saint Michel ဟာ ပြင်သစ်နိုင်ငံမှာ တည်ရှိပါတယ် ။ ဒီအဆောက်အအုံ တည်ဆောက်မှုကို ၁၇၀၉ မှာ စ တင် ဆောက်လုပ်ခဲ့ပါတယ် ။ ၁၈၇၄ ခုနှစ်မှာတော့ ရာဇဝင်တွင်မယ့် အဆောက်အအုံ အဖြစ် တရားဝင် ကြေငြာ ခြင်း ပြုခဲ့ပါတယ် ။ Mont Saint Michel မှာ ဘုန်းကြီး အယောက် ၅၀ အပါအဝင် စုစုပေါင်း ၈၀ လောက် နေ ထိုင်ပါတယ် ။















တောင်ကုန်း ပေါ်မှာ တည်ဆောက်ထားပြီး ဒီအဆောက်အုံဟာ ဒဏ္ဍာရီဆန်လှပါတယ် ။ တောင်ကုန်းဟာ သဲ သောင်ပြင်ပေါ်မှာ တည်ရှိပြီး ရေတက်တဲ့အခါမှာဆို ရေပတ်လည်ဝန်းရံနေတဲ့ ထူးဆန်းသော နေရာလေး အဖြစ် တွေ့မြင်နိုင်ပါတယ် ။

# လိုဏ်ဂူထဲမှ စာသင်ကျောင်း







၂၀၀၇ ခုနှစ် နိုဝင်ဘာ ၁၄ ရက်နေ့မှာ တရုတ်နိုင်ငံ အနောက်တောင်ဖက်မှာ ရှိတဲ့ Guizhou စီရင်စု မှ Gongzhong လို့ခေါ်တဲ့ လိုဏ်ဂူထဲမှာ ကလေးတွေ ပြေးလွှားဆော့ကစားလို့ နေပါတယ် ။ ဒီလိုဏ်ဂူဟာ Ziyun ပြည်နယ် Miao ရွာကလေးမှာ တည်ရှိပြီး မူလတန်းကျောင်းကလေးကို လိုဏ်ဂူထဲမှာ ပြုလုပ်ထားခြင်း ဖြစ်ပါတယ် ။ ဒီလိုဏ်ဂူဟာ လွန်ခဲ့တဲ့ နှစ်ထောင်ပေါင်းများစွာကတည်းက လေဒါဏ် ရေဒါဏ် နဲ့ မြေလျှောင် ဒါဏ်တွေကြောင့် လေယာဉ်တစ်စီးဝင်နိုင်လောက်အောင် ကျယ်ဝန်းတဲ့ လိုဏ်ဂူကြီး ဖြစ်လို့နေပါတယ် ။ အဲဒီလိုဏ် ဂူထဲမှာပဲ မူလတန်းကျောင်းကို ဖွင့်လှစ်ထားပြီး ကလေးတွေ အန္တရာယ်ကင်းစွာ လုံခြုံစိတ်ချစွာ ဆော့ကစား နိုင်ကြပါတယ် ။

ကမ္ဘာ့အကြီးဆုံး Baseball ရိုက်တံ







posted@thettantcho.blogspot.com


posted@thettantcho.blogspot.com




Louisville Slugger ပြတိုက်ဟာ ပတ်ဝန်းကျင်မှ အဆောက်အအုံများစွာနဲ့ ကွဲပြားခြားနားလို့နေပါတယ် ။ ထူးခြား ချက်ကတော့ ပေ ၁၂၀ မြင့်တဲ့ ဘေ့စ်ဘော ရိုက်တံကြီးဟာ ဒီပြတိုက်ဘေးမှာ ထောင်ရက်သား စိုက်ထူး ထားလို့ပဲ ဖြစ်ပါတယ် ။ စတင်ပြီး ဘေ့စ်ဘောရိုက်တံကြီး ပြုလုပ်တဲ့ နှစ်ဟာ ၁၉၉၅ ဖြစ်ပြီး ၂၄ တန်အလေး ချိန်ရှိပါတယ် ။ အခေါင်းပေါက် carbon steel နဲ့ ပြုလုပ်ထားပြီး ၁၉၂၀ ဝန်းကျင်က Babe Ruth အသုံးပြုခဲ့တဲ့ ဘေ့စ်ဘော ရိုက်တံနဲ့ ဆင်တူအောင်ပြုလုပ်ထားတာ ဖြစ်ပါတယ် ။ အဲဒီတုန်းက Babe Ruth အသုံးပြုခဲ့တဲ့ ရိုက်တံဟာ ၃၄ လက်မ ရှည်ပါတယ် ။

## အစိမ်းရောင်အမိုးနဲ့ အနုပညာကျောင်းတော်












အနုပညာကျောင်းတော်မှာ ကျနော်တို့ ပညာအစုံကိုဆည်းပူးနိုင်တယ် ။ အဲဒီကျောင်းတော်ကြီးရဲ့ အတွင်းမှာရော အပေါ်ဆုံးက အံ့ဩစိတ်လှုပ်ရှားဖွယ် အစိမ်းရောင်အမိုးဒီဇိုင်းကို ရောပေါ့ ။ ဒီအနုပညာကျောင်းတော်ဟာ စင်ကာ ပူ နိုင်ငံ Nanyang နည်းပညာတက္ကသိုလ်မှာ ဒီဇိုင်းတီထွင်ထုတ်လုပ်ထားတာ ဖြစ်ပါတယ် ။ ဒီအချိုး ၅ ခုပါတဲ့ သစ်သားထောင့်ချိုးတွေဟာ ဓါတုပစ္စည်းတွေ ဇီဝပစ္စည်းတွေနဲ့ အတူတကွပေါင်းစည်းပြီးတော့ လှပတဲ့ ပုံသဏ္ဍာန် သဘာဝနဲ့ အဆင့်မြင့်နည်းပညာ ဖန်တီးနိုင်မှုစွမ်းအားတွေကို ပြသထားတာပဲ ဖြစ်ပါတယ် ။



ဒါကတော့ ဒီဇိုင်းအကြမ်းပုံစံပါ ။

ဂျပန်နိုင်ငံမှာရှိတဲ့ သေးငယ်သော အိမ်ကလေး









ဒီအိမ်လေးဟာ ဂျပန်နိုင်ငံမှာတည်ရှိပြီး ဂျပန်နိုင်ငံရဲ့ ခေတ်မီတိုးတက်လာတာနဲ့ အမျှ လူနေသိပ်သည်းမှုကို ဖြေရှင်းနိုင်ဖို့အတွက် သေးငယ်စွာ တည်ဆောက်ထားခြင်း ဖြစ်ပါတယ်။ အထင်တော့မသေးလိုက်ပါနဲ့ အဲဒီသေးသေးလေးထဲမှာပဲ ကားဂိုထောင် ထမင်းစားခန်း ဧည့်ခန်း မီးဖိုချောင် အိမ်သာ စတာတွေအစုံအလင်ပါရှိပါတယ် ။ အိမ်သေးလေးထဲမှာ အထပ်ပေါင်း ၂ ထပ်ပါရှိပါတယ် ။

စာရေးသူ....သက်တန့်ချို.....(၁၁း၀၆ ည ၁၅.၁၀.၀၉)